# စစ်ကြောစမ်းသပ်ခြင်းများမှ ရတနာများအဖြစ်သို့



သမုဒ္ဒရာကြမ်းပြင်ပေါ်ရှိ ကမာကောင်လေးသည် ရေများဖြတ်သွားနိုင်ရန်အတွက် ၄င်း၏ အခွံများကို ခပ်ကျယ်ကျယ်ဟ၍ထားပါသည်။ ရေစီးဖြတ်သွားသောအခါ ပါးဟက်ဖြင့် အစာကောက်ယူပြီး ဝမ်းထဲသို့ သွင်းရန်ဖြစ်ပါသည်။ ထိုစဉ် ရုတ်တရက် အနီးရှိ ငါးကြီးတစ်ကောင်သည် နုန်းမြေများကို အမြီးဖြင့် ခပ်ဆတ်ဆတ် ရိုက်ချလိုက်ပါသည်။ သဲ . . . အလိုလေး၊ သဲဆိုသည်မှာ ကမာကောင် မကြိုက်ဆုံး အရာပင်ဖြစ်ပါသည်။ အလွန်ကြမ်းတမ်းပြီး ကမာခွံထဲ ဝင်ခဲ့လျှင် အလွန်မသက်မသာနှင့် ကသိကအောက်ဖြစ်စေပါသည်။ ကမာကောင်လေးသည် ချက်ချင်းပင် သူ့အခွံကို ဆောင့်၍ ပိတ်ချလိုက်သော်လည်း နောက်ကျသွားခဲ့ပြီဖြစ်ပါသည်။ ကြမ်းရှရှ သဲမှုန်တစ်ပွင့်သည် ၄င်း၏ အတွင်းသားထဲသို့ ဝင်သွားပြီး နေရာယူလျက် ကမာကောင်လေးကိုအတော်ပင် နာကျင်စေပါသည်။ သို့သော် ရုတ်တရက်ဆိုသလိုပင် ဘုရားသခင်ပြင်ဆင်ပေးထားသည့် အချွဲရည်များထွက်လာပြီး ဒုက္ခပေးလျက်ရှိသော သဲမှုန်လေးကို နူးညံ့လှပပြီး တောက်ပြောင်နေသည့် အလွှာလေးဖြင့် စတင်ဖုံးအုပ်ပြီးသည့်နောက်ဆုံးတွင် အလွန်အဖိုးထိုက်တန်သော လှပတောက်ပြောင်သည့် ပုလဲလုံးလေးတစ်လုံးဖြစ်လာပါတော့သည်။

တခါတရံတွင် ကျွန်ုပ်တို့ ရင်ဆိုင်ရသည့် ပြဿနာများသည်လည်း ထိုသဲပွင့်လေးနှယ်ပင်ဖြစ်တတ်ပါသည်။ ကျွန်ုပ်တို့ကို ကသိကအောက်ဖြစ်စေပြီး ဘာ့ကြောင့် ဒီလို အဆင်မပြေမှုတွေ တွေ့ကြုံရပါလိမ့်ဟု အံ့သြမိသည်အထိ ဖြစ်ရတတ်ပါသည်။ သို့သော် ကျွန်ုပ်တို့ကသာ ခွင့်ပြုမည်ဆိုလျှင် ကျွန်ုပ်တို့၏ ပြဿနာများ၊ အားနည်းချက်များနှင့်အတူ ဘုရားသခင်၏ ကျေးဇူးတော်က အံ့သြဘွယ်ရာ သက်ဝင်လှုပ်ရှားလာမည်ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ယခင်ကထက်ပို၍ နှိမ့်ချ၊ အရှုံးပေးတတ်လာပြီး ဆုတောင်းခြင်း၌ နစ်မြုပ်လျက် သခင်နှင့် ပိုမိုနီးကပ်လာရုံမက ပညာအရာနှင့် ပိုမိုပြည့်စုံလာသဖြင့် ပြဿနာများကိုကောင်းစွာ ခံနိုင်ရည် ရှိလာမည်ဖြစ်ပါသည်။ ရုပ်ဖျက်၍ ရောက်ရှိလာသော ကောင်းချီးမင်္ဂလာများကဲ့သို့ပင် ဘုရားသခင်သည် ကျွန်ုပ်တို့ဘဝ၏ ကြမ်းတမ်းသော သဲစလေးများကို အဖိုးတန်သော ပုလဲရတနာတည်းဟူသော အင်အားများ အဖြစ်သို့ ပြောင်းလဲပေးပါသည်။ ထိုအင်အားများမှတဆင့် မျှော်လင့်ချက်များ ရှင်သန်လျက် ရင့်ကျက်ဖွံ့ဖြိုး စေပါသည်။

♦

ဘုရားရှင်က သင့်ကို အောင်မြင်မှုတစ်ခုစီအားဖြင့် ခွန်အားပြည့်လာစေပါသည်။ ကာကွယ်ဆေးထိုးသည့် ပုံစံမျိုး ဖြစ်ပါသည်။ ဆေးနှုန်းနည်းနည်းခြင်း ထိုးပေးခြင်းအားဖြင့် ရောဂါမရစေဘဲ တဖြေးဖြေး ခံနိုင်ရည်အားများ တည်ဆောက်လာနိုင်မည်ဖြစ်သည်။ အကယ်၍ ဆေးနှုန်းအနည်းငယ်ကိုပင် တခါမှ စမ်းသပ်မထိုးဘူးခဲ့လျှင် ဆေးနှုန်းအကြီးကို ခံနိုင်ရည် ရှိမည်မဟုတ်ပေ။

အလယ်ပိုင်းခေတ်ကာလက အဆိပ်ခတ် လုပ်ကြံခြင်းများ ဖြစ်ပေါ်လေ့ရှိသောကြောင့် ရှင်ဘုရင်များနှင့် အရေးကြီးပုဂ္ဂိုလ်များသည် နေ့စဉ် အဆိပ်အနည်းငယ် မှီဝဲလေ့ရှိကြပါသည်။ အစပိုင်းတွင် အမှုန်လေးလောက်သာသောက်ပြီး နေ့စဉ် အနည်းငယ်ပို၍ တိုးသောက်ခြင်းအားဖြင့် ခံနိုင်ရည်ရှိသွားပြီး တစ်စုံတစ်ယောက်က အဆိပ်များများခတ်လိုက်လျှင် မသေတော့ရန် ဖြစ်ပါသည်။

၄င်းသည် ကျွန်ုပ်တို့အတွက် ဘုရားရှင်လုပ်ပေးပုံ နည်းစနစ်နှင့်တူပါသည်။ ကျွန်ုပ်တို့ကို စမ်းသပ်ရန် တစ်နေ့ထက်တစ်နေ့ပို၍ ရုန်းကန်စေပြီး ကျွန်ုပ်တို့၏အားမာန်နှင့် ခံနိုင်ရည်များကို တည်ဆောက်စေပါသည်။ နေ့စဉ် ကျွန်ုပ်တို့အား စွန့်လွှတ်ခြင်း၊ စုံစမ်းခြင်း အခက်အခဲနှင့် တိုက်ပွဲတည်းဟူသော ကာကွယ်ဆေးရည်များ နည်းနည်းချင်းတိုး၍ ထိုးပေးသွားပါသည်။

ဘုရားရှင်က ကျွန်ုပ်တို့အား နေ့စဉ်ခွန်အားဖြည့်ဆည်းပေးပြီး နည်းနည်းပိုပေးနိုင်ရန်၊ နည်းနည်းပို စွန့်လွှတ်နိုင်ရန် ၊ နည်းနည်းပိုသည်းခံနိုင်ရန်၊ နည်းနည်းပိုတိုက်ခိုက်နိုင်ရန်နှင့် နည်းနည်းပိုကြီးထွားနိုင်ရန် ကောင်းချီးပေးလျှက် ရှိပါသည်။

♦

သင်၏ သောကဟူသည် သင့်ကို အားအင်ဖြည့်ပေးရုံမျှမက အခြားသူများကို အားအင်ပြန်ဖြည့်ပေးနိုင်ရန် သင့်ကို အသုံးချမည့်အရာ ဖြစ်ပါသည်။

♦

ငါတို့သည် ဘုရားသခင်၏ ကျေးဇူးတော်အားဖြင့် ကိုယ်တိုင် သက်သာခြင်းရှိသကဲ့သို့ ဆင်းရဲခြင်းအမျိုးမျိုးကို ခံရသောသူတို့အား သက်သာ စေနိုင်မည့်အကြောင်း ဆင်းရဲခြင်းအမျိုးမျိုးတို့၌ ဘုရားသခင်သည် ငါ-တို့အား သက်သာစေတော်မူ၏။ အဘယ်သို့ နည်းဟူမူကား ခရစ်တော်ကြောင့် ငါတို့ခံရသော ဆင်းရဲခြင်းသည် အလွန်များပြားသည့်နည်းတူ ခရစ်တော်၏ ကျေးဇူးတော်အားဖြင့် ငါတို့ခံရသော သက်သာခြင်းသည် အလွန်များပြား၏။ (၂ ကော ၁း၄-၅)

ညတွေသာ မရှိခဲ့ရင်
ကြယ်တွေကိုဘယ်လို
ရေတွက်နိုင်ပါ့မလဲ၊
ကောင်းကင်ပြာဟာလည်း
မျက်စိပျက်အောင် ပြိုးပြိုးပြက်ပြက်
လင်းလက်နေလိမ့်မယ်။
လွတ်လပ်မှုဆိုတာကို
အကျဉ်းထောင်သံတိုင်းကြားကမှ
အကောင်းဆုံး တွေ့မြင်နိုင်သလို
ပင်လယ်ရေပြင် ငြိမ်သက်သွားမှ
ဖြတ်သန်းသွားဖို့ အဆင်ပြေလိမ့်မယ်။

ဝမ်းသာခြင်းတွေကို
တိုင်းတာလို့ မရနိုင်ပေမယ့်
ကောင်းချီးတွေ ဆိတ်သုဉ်းသွားတော့မှ
ဒို့မြင်လာတတ်ကြတယ်။
ဒို့တွေရဲ့ ကြွယ်ဝမှု အစုစုဟာ
ကားတိုင်မှာ ရှင်သန်လို့သာ
ညအချိန် ရောက်တဲ့အခါ
ကောင်းကင်သားတွေ တေးကျူးလာ။

# ယေရှုရှင် ကြင်နာပါသလား?

*FrankE.Graeff* မှ

စိတ်ငယ် ဝမ်းနည်း ဒုက္ခကြီးထဲမှာ
သီချင်းမဆိုနိုင်သောခါ
သွားရာလမ်းဝေးကွာ ဝန်ထုပ်လေးသောအခါ
ယေရှုရှင် ကြင်နာပါသလား။

ထပ်ဆို– ယေရှုရှင်သည် အမှုထားး၏
ဝမ်းနည်းသောခါကြင်နာသည်
နေ့တာရှည်ကြာ၍ ညချိန်မှာ ငြီးငွေ့ရာ
ယေရှုရှင်သည်ကြင်နာ။

သက်တာလမ်းသည် မှောင်မိုက်ခြင်းအတိ
ကြောက်မက်ဖွယ်ဘေးများနှင့်ပြည့်
ညဥ့်မှောင်ကျသောခါ ကျွန်ုပ်၏အနား
ယေရှုရှင်သည် ရှိပါသလား။

ချစ်သူများနှင့် ခွဲခွာရသောခါ
ယူကြုံးမရဝမ်းနည်းလှ
ဝမ်းနည်းခြင်းလွန်ပြင်း နှလုံးကွဲရလျှင်
ယေရှုရှင်ကြင်နာပါသလား။



သက်ကြီးရွယ်အိုတစ်ဦးသည် လူငယ်လေးတစ်ဦးအား မိမိနှင့်တောထဲသို့လိုက်ပြီး ပုဆိန်ရိုးလုပ်မည့် သစ်မာများခုတ်ရန် ခေါ်သွားပါသည်။ မကြာမီပင် ၎င်းတို့သည် သစ်မာပင်ပျိုများစွာရှိရာသို့ ရောက်ရှိသွားပါသည်။ လူငယ်လေးက "ဒီအပင်တွေက ပုဆိန်ရိုးလုပ်လို့ သိပ်ကောင်းမှာဘဲ၊ ခုတ်ကြစို့"ဟု ပြောလိုက်ပါသည်။ အဖိုးအိုက ပြန်ပြောပါသည်။ ဒီမြေနိမ့်ပိုင်းက အပင်တွေဟာ လေပြင်းမုန်တိုင်းတွေနဲ့ ကွယ်နေခဲ့တယ်။ လေပြင်းအားနဲ့ ရှေ့တိုးနောက်ယိုင် ကြံ့ကြံ့ခံနိုင်တဲ့ အပင်တွေရှိတဲ့ ကုန်းမြင့်ဘက်ကို သွားကြစို့၊ အဲဒီအပင်တွေက မုန်တိုင်းဒဏ်ကြောင့် မာကြောခိုင်မာနေလို့ ပိုခိုင်တဲ့ ပုဆိန်ရိုးတွေ ရလိမ့်မယ်။

အခက်အခဲများ ရင်ဆိုင်ရပြီး စုံစမ်းခြင်းများ အပြန်ပြန်အလှန်လှန် ကြုံတွေ့ရသော်လည်း အရှုံးမပေးသူများသည် ပို၍ ခံနိုင်ရည် ရှိလာပါသည်။ "ငါတို့ကို ချစ်တော်မူသော သူ၏ ကျေးဇူးတော်ကြောင့် ငါတို့သည် ထိုအမှုခပ်သိမ်းတို့ကို ခံစဉ်တွင်ပင် အထူးသဖြင့် အောင်မြင်ကြ၏" (ရောမ ၈း၃၇)

ယောဘက ဤသို့ဆိုပါသည်။ "စစ်တော်မူခြင်းကို ခံပြီးမှ ရွှေကဲ့သို့ ငါပေါ်လိမ့်မည်" (ယော ၂၃း၁၀)

♦

ဥရောပ အလယ်ခေတ်ကာလက ရွှေပန်းတိမ်များသည် အဖိုးတန် သတ္တု ရွှေစင်ကို မီးသန့်စင်၍ ပြီးမပြီး ဆုံးဖြတ်ရာ၌ အတုမရှိ နည်းစနစ်တစ်ခုကို ကျင့်သုံးခဲ့ကြပါသည်။

ပွက်ပွက်ဆူလျက် အရည်ပျော်နေသော သတ္တုရည်ထဲသို့ စိတ် ရှည်လက်ရှည် အနီးကပ် စူးစိုက်ကြည့်ရင်း မီးကိုလည်း ပြင်းသထက် ပြင်းအောင် ထိုးပေးကြပါသည်။ နောက်ဆုံးတွင် ကျေနပ်ပြုံးလေးတစ်ပွင့်က ပန်းတိမ်ဆရာ၏ ချွေးစို့ရွှဲနေသော မျက်နှာပြင်ကို လင်းလက် သွားစေပါသည်။ ရွှေရည်ပြင်ပေါ်ဝယ် ကြေးမုံပြင်နှယ် မိမိမျက်နှာ ရောင်ပြန်ဟပ်၍ ပေါ်လာသည်ကို တွေ့ရခြင်းဖြင့် မီးသန့်စင်ခြင်းအမှု ပြီးစီးသွားပြီဖြစ်ကြောင်း သိလိုက်ပါသည်။

ရှင်ပေတရုက သတိပေးခဲ့ပါသည်။ "ချစ်သူတို့ သင်တို့ကို စုံစမ်းစရာဘို့ ယခုခံရသော မီးစစ်ခြင်းအရာကိုကား သင်တို့၌ အံ့ဩဘွယ်သော အရာဖြစ်သည်ဟု ထင်မှတ်၍ အံ့ဩခြင်း မရှိကြနှင့်" ၁ပေ ၄း၁၂က။

ကျွန်ုပ်တို့အသက်တာများအတွင်း သားတော်၏ပုံရိပ်ရောင်ပြန် ဟပ်နေသည်ကို ဘုရားရှင်တွေ့ခဲ့လျှင် မိမိ၏ သန့်စင်မီးသည် ရည်ရွယ်ချက်နှင့်အညီ ပုံသွင်းပြုလုပ်ပေးခဲ့ပြီကို သိသွားပေလိမ့်မည်။

ခံစားချက်တွေ လာလိုက်သွားလိုက်
မုသာတွေနဲ့ ယှဉ်နေခိုက်
နှုတ်ကပတ်တော်သာ အာမခံချက်
ဘယ်အရာမျှ မယုံကြည်ထိုက်။

တောင့်တမိတဲ့ ချိုမြိန်မှုအတွက်
စီရင်သလို ခံရခက်လည်း
နှလုံးသားထက် ကြီးမြတ်လှတဲ့
ဂတိမပျက် နှုတ်တော်ထွက်။

ပြောင်းခြင်းကင်းတဲ့ ဘုရားရှင့်စကား
ခန္ဓာဝိညာဉ်ပြတ်ထိယုံထား
အရာခပ်သိမ်း လွန်သွားသော်ငြား
ထာဝရတည်မယ့် သူ့စကား။

မာတင်လှုသာ